

# ဒေါ်စုသို့ ပေးစာများ

ကြည်မင်း

# နေရာတော် ခင်းပါဦးမည်

## (၁)

ကျွန်တော် တက္ကသိုလ် ရောက်သည်အထိမှာ (နောင်တွင် တကယ် ဒီမိုကရေစီ ရလာ၍ ဒုတိယ ဒီမိုကရေစီခေတ်ဟု ခေါ်လာကြလျှင်) ပထမ ဒီမိုကရေစီခေတ်ဟု ခေါ်ရမည်ဖြစ်သော နိုင် ငံရေး အစိုးရခေတ် ဖြစ်သည်။ တက္ကသိုလ် ဒုတိယနှစ်သို့ တက်စ ၁၉၆၂ တွင် ထိုခေတ် ကုန်ဆုံး သွားခဲ့သည်။

ယနေ့အထိ နှစ်ပေါင်း ၆၀ နီးပါး ကာလအတွင်း နိုင်ငံရေးမြင်ကွင်းမျိုးစုံ ကြုံခဲ့ရသည်။ ဆို ရှယ်လစ်လမ်းစဉ်ဟု အမည်တပ်ထားသည့် တစ်ပါတီ အာဏာရှင်စနစ်က ပထမ ဒီမိုကရေစီခေတ် အပြီးမှာ ရောက်လာသည်။

တစ်ပါတီ အာဏာရှင်စနစ် (Totalitarianism) ဟုသာ ဆိုရပါသော်လည်း ပါတီကို ဦး ဆောင်သူက စိတ်ကြိုက် ခန့်ခွဲမှုသာ ဖြစ်ခဲ့သည်။ ၁၉၈၈ တွင် ထိုစနစ်ကို ပြောင်းစေလိုသော လူထု အုံကြွ တောင်းဆိုမှုကြီး ဖြစ်ပေါ်လာသည်။ အကွက်ချ စီမံလုပ်ဆောင်ခဲ့မှုကြီးသာ ဖြစ်ကြောင်း ကျွန် တော် ‘ ပြည်သူ့ခေတ် ’ မှာ ရေးပြခဲ့ပါသည်။

ထိုအုံကြွမှုကြီး အပြီးတွင် ရရှိလာပါသော စနစ်မှာ ဘာစနစ် ဖြစ်ကြောင်း ကျွန်တော် အထူး ရေးပြနေရန် မရှိပါ။ ယနေ့ လူငယ်အားလုံး သိရှိပြီး ဖြစ်နေပါ၍ ကျွန်တော် အရှည် မရေးသားပါ။ ကျွန်တော်တို့တိုင်းပြည် ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းတစ်လျှောက် အဆိုးဝါးဆုံးသော ခရီး ဟုပဲ ပြောပါမည်။

***

## (၂)

ထိုမဝေးသော အတိတ်၏ ခရီးကြမ်းသည် ပြည်သူ့အဘက်တော်သား ဒီမိုကရေစီ သူရဲ ကောင်းတစ်ယောက်ကို မွေးဖွားပေးလိုက်လေသည်။ ကျွန်တော့်ဆန်းစစ်ချက်အရတော့ မတော် တဆ မွေးဖွားခြင်းဟု ပေါ်သည်။ သားနှစ်ယောက်ကို မြန်မာဗုဒ္ဓဘာသာ ထုံးစံအတိုင်း သာသနာ့ ဘောင်သို့ သွတ်သွင်းရန် အလာတွင် လှိုင်းထန်နေပြီ ဖြစ်သော ကိုယ့်ပြည်ကို ပြန်မြင်ရသည်။

မိခင်ကြီး မကျန်းမာသည်ကို ပြုစုရန် နောက်တစ်ခေါက် အလာတွင် နိုင်ငံရေး ရည်မှန်း ချက်ရှိနေသူများက စီမံချက်ဖြင့် ဆွဲသွင်းခြင်းကို ခံရသည်။

သို့သော် ဗိုလ်ချုပ်၏ သွေးက ဇာတိပြလာသည်။ ပြည်သူတို့၏ ဒုက္ခကို တကယ်စာနာသွား ခဲ့ပြီး တိုက်ပွဲ၏ ရှေ့တန်းသို့ တက်လာခဲ့သည်။ ကိုယ်ကျိုးအတွက် ဆွဲသွင်းသူများက စွပ်စွဲမှု မျိုးစုံ တင်၍ ခွဲခွာသွားကြချိန်တွင် သူ့အရောင်ကပို၍ တောက်ပလာသည်။

အလားအလာ ရှိသူ ဖြစ်နေ၍ နည်းမျိုးစုံ နှိပ်ကွပ်မှု၊ လုပ်ကြံမှုများကို ခံခဲ့ရသည့်တိုင် တိုက် ပွဲမှ ရှောင်ထွက်မသွားဘဲ ဒီမိုကရေစီရေးကို ဦးဆောင်ခဲ့သည်။

ဤစာများကား သူ့အတွက်။

***

## (၃)

သူ လွှတ်တော်ထဲ ရောက်ပြီးနောက်မှာ မီဒီယာ လွတ်လပ်ခွင့်တွေ

ပေးလာသည်။ ပုဂ္ဂလိက သတင်းစာတွေ ထုတ်ဝေခွင့် ပြုလာသည်။

‘ ရန်ကုန် တိုင်းမ်စ် ’ နေ့စဉ်သတင်းစာက ကျွန်တော့်အတွက် တစ်ပတ်နှစ်စောင် ရေးခွင့် ပေးသည်။ ပင်တိုင်ဆောင်းပါးများအဖြစ် အနုပညာကိစ္စ၊ ပညာရေးကိစ္စ စသော ‘ နိုင်ငံ့အမှု ’ များကို ရေးသည်။ ပင်တိုင်ဆောင်းပါးရှင်ဖြစ်လာသောအခါ ခေတ်မြင်ကွင်းကိုလည်း ကြည့်လာရသည်။ မြင်ရသောမြင်ကွင်းကို ကိုယ့်ဖြတ်သန်းမှုနှင့် တိုင်းတာပြီး ကိုယ့်အမြင်များအဖြစ် ရေးရသည်။

ဤသို့ ရေးရင်းက ဒီမိုကရေစီ အစစ်ကို ရရှိလာအောင် တိုက်ပွဲဝင်နေသော ‘ သူ ’ နှင့် သူ့ ပါတီကိုလည်း ကြည့်မိသည်။ ရေးစရာတွေ၊ ပြောစရာတွေ ရလာသည်။ ဤသို့ဖြင့် ‘ ဒေါ်စုသို့ ပေး စာများ ’ ပေါက်ဖွားလာခဲ့ပါသည်။ ပရိသတ်များထံမှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီ ဖုန်းဖြင့် သော်လည်းကောင်း ဆွေးနွေးမှု၊ အားပေးမှု များစွာ ရခဲ့ပါသည်။

သို့သော် ကံဆိုးစွာပင် ‘ ရန်ကုန်တိုင်းမ်စ် ’ သတင်းစာက သက်ဆိုးမရှည်။ ရေးရန် စုထား သော အချက်အလက်များကို ချောင်ထိုးထားလိုက်ရသည်။

Wisdom House က ဤစာများကို စာအုပ်အဖြစ် ပြန်ထုတ်လို၍ ကမ်းလှမ်းလာသောအခါ ဝမ်းသာရပါသည်။ ထပ်ဖြည့်ပေးပါဦးဟု ဆို၍ အသစ်များ ထပ်ဖြည့်ရေးပေးလိုက်ပါသည်။ အမှန် တော့ ရေးစရာတွေ အများကြီး ရှိနေပါသေးသည်။ တစ်ချိန်မှာတော့ ဆက်ရေးဖြစ်ဦးမည်ထင် သည်။

***

## (၄)

ဤပေးစာများကို ထည့်ပေးခဲ့သော ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)

(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း) ဦးဆောင်သည့် ရန်ကုန်တိုင်းမိစ် နေ့စဉ်သတင်းစာအဖွဲ့ကို ကျေးဇူးတင် ပါသည်။ စိတ်ရှည်လက်ရှည် လာယူလေ့ရှိသော တာဝန်ခံ အယ်ဒီတာ ဦးလှိုင်ဘွား (လှိုင်ဘွား) ကို ကျေးဇူးတင်လှပါကြောင်း အထူးပြောရပါမည်။ ထုတ်ဝေပေးသော Wisdom House စာအုပ်တိုက် ကိုလည်း ကျေးဇူးတင်ပါသည်။

စာရေးဆရာ ဆိုသည်မှာ မှန်တစ်ချပ်ကို ကိုင်၍ ခေတ်အတွင်း ဖြတ်သန်းသူဟု ကျွန်တော် ပြောခဲ့ဖူးသည်။ မှန်မှတစ်ဆင့် မြင်ရသော ခေတ်၏ ရုပ်ပုံကားမှာ အများအမြင်နှင့် မတူခြင်းများ ပါ ကောင်း ပါနိုင်သည်။ ကျွန်တော် ကိုင်ထားသော မှန်၊ ကျွန်တော့်၏ မျက်လုံးနှင့် ကျွန်တော့် ဦး နှောက်မှ အသီးအပွင့်များဟု မှတ်ယူကြစေလိုပါသည်။

**ကြည်မင်း**

**စမ်းချောင်း၊**

**၂၀၁၄ ဒီဇင်ဘာ။**

***

ပေးစာ - ၁

**သမ္မတကြီး ဖြစ်ရင်**

**ကာချုပ်ရဲ့အထက်မှာ သမ္မတ အပါအဝင် ဘယ်သူမှ မရှိဘူး။ လွှတ်တော် သုံးရပ် မပြောနဲ့၊ ကာကွယ်ရေး ဝန်ကြီးတောင် မရှိဘူး။ ကာကွယ်ရေးဝန်ကြီးကသာ ကာချုပ်ရဲ့ လက်အောက်ခံ ဖြစ်နေတာ။ ဒီတော့ သမ္မတကြီး ဒေါ်စုခမျာ လက်နက်ကိုင် အစောင့်အရှောက်အဖြစ် ရဲသားတစ်ဦးလောက် ရချင်တာတောင် ရဖို့မလွယ်ပါဘူး။**

***

## သမ္မတကြီး ဖြစ်ရင်

ဒေါ်စုလို့ အများ ခေါ်ကြတဲ့ ဒေါ်အောင်ဆန်းစုကြည်ထံကို စာရေးပါဦးမယ်။ ပေးစာ ရေး တယ် ဆိုပေမဲ့ ‘ ဒေါ်စုရေ ... အခုချိန်ဆို ဩစတြေးလျမှာ နွေရာသီဗျ၊ ကသစ်ပန်းတွေလည်း ရဲရဲ နီ၊ စိန်ပန်းတွေလည်း ရဲရဲနီ၊ စိန်ပန်းပြာတွေကတော့ ခရမ်းပြာ ’ ဆိုတာမျိုးတွေ ရေးမနေပါဘူး။ နိုင်ငံရေးခေါင်းဆောင် တစ်ဦးဆီကို စာရေးတာ ‘ လေနုအေးသည် တနွဲ့နွဲ့ နှော့နေဆဲကို

’ ဆိုတာမျိုး လုပ်လို့ရမလား။

ဒါဆိုရင် ဘာရေးရမလဲ။ ဒေါ်စု ... ခင်ဗျား သမ္မတ ဖြစ်ရင် ကျုပ်ကို ဟိုတယ်ဖုန် ငါးဧက၊ ရန် ကုန်မှာ ရှိတဲ့ နိုင်ငံပိုင်တွေထဲက မြို့လယ်မှာ ပေ ၁၀၀ ပတ်လည် တစ်ကွက်၊ ဆင်ခြေဖုံးမှာ နှစ်ဧ က၊ မြို့ပြင်မှာ ဧက ၅၀၀ ပေးသနားပါ ခင်ဗျလို့ တောင်းရမှာလား။ ဝေးစွ ခြောက်ပါး ထွေးမြရဲ့ ယောက်ျားပါ ခင်ဗျ။

အဆဲမခံချင်လို့ ပညာသင်ပြီး ပညာနဲ့ လုပ်စားခဲ့တာပါ။ စဝင်ကတည်းက ပြန်တမ်းဝင်အရာ ရှိ။ တခြားလိုင်းမှာ မိုးကျရွှေကိုယ်တွေ လေထီးစီးပြီး ရောက်ရောက်လာတတ်ကြပေမဲ့ ပညာနဲ့ လုပ်စားရတဲ့လိုင်းမို့ သူတို့ ဝင်လို့ မရဘူး။ ဒါကြောင့် ပညာရှင်တစ်ဦးတက်ရမယ့် ရာထူးအတိုင်းအ တာအထိ တက်ခဲ့တယ်။ ပြီးတော့ အငြိမ်းစားယူတယ်။

ပင်စင်စား ဘဝမှာ စာရေးစားတယ်။ ဘယ်သူမှ လာပြီး လက်ညှိုးထိုးလို့ မရဘူး။ တိုင်းပြည် ရဲ့ ဘဏ္ဍာကို လုပ်ပိုင်ခွင့် အလွဲသုံးစား လုပ်ပြီး ခိုးယူကြီးပွားခဲ့တယ်လို့ အပြစ် ဆိုချင်လို့ မရဘူး။ ဆဲချင်လို့ မရဘူး။

ဘဝ ဆိုတာ တိုတိုလေးပါ ဒေါ်စု။ အဲဒီ ဘဝတိုတိုမှာ တစ်နေ့သုံးနပ် စားကြတာချင်း အတူတူ သူများ အဆဲခံရမယ့် အလုပ်မျိုးကို ကျွန်တော်တို့ အမျိုးက မလုပ်ဘူး ဒေါ်စု။

ရေးမှာကတော့ ဒေါ်စု ရင်ဆိုင်ရမယ့် ပြဿနာတွေပဲ။ ပေးစာသဘောနဲ့ တစ်စောင်ချင်း ရေးမယ့်အစား ခေါင်းစဉ်တစ်ခုစီနဲ့ပဲ ရေးပါတော့မယ်။

ဒီနေရာမှာ စောစောစီးစီး ကြိုပြောထားပါဦးမယ်။ ကျွန်တော်ဟာ အမည်ရှေ့မှာ ‘ပါမောက္ခ၊ ဒေါက်တာ ... ’ ဆိုပြီး တပ်ချင်ရင်တပ်ခွင့် ရှိသူဖြစ်တယ် ဆိုတဲ့အကြောင်းရယ်၊ ပညာသင်ဘဝ နိုင် ငံခြား တိုင်းပြည်တစ်ပြည်မှာ လေးနှစ်လောက် သွားနေရတာ က လွဲလို့ ဒီတိုင်းပြည်ထဲမှာပဲ တောက်လျှောက်နေလာခဲ့သူ ဖြစ်တယ် ဆိုတာရယ်၊ တက္ကသိုလ် တက်ပြီး ပထမနှစ်

ဖြေတော့ မယ့်ဆဲဆဲမှာပဲ စစ်တပ် အာဏာသိမ်းမှုနဲ့ စကြုံတွေ့ခဲ့ရလို့ နှစ် ၅၀ ကပ်ပျက်ကြီးကို ကိုယ်တွေ့ ကြုံခဲ့ရသူ ဖြစ်တယ် ဆိုတဲ့အကြောင်းရယ်တော့ ကြိုပြောထားသင့်တယ် ထင်လို့ ပြောရပါလိမ့် မယ်။

ကဲ … စလိုက်ကြစို့ ဒေါ်စုရေ။

ရင်းနှီးတဲ့လေသံ ပေါက်နေတာကို စိတ်မဆိုးပါနဲ့။ ဒေါ်စုက ကျွန်တော့်ထက် ငါးလကျော် ကျော်ပဲ အသက်ကြီးတာပါ။

၂၀၁၆

ရွေးကောက်ပွဲက ၂၀၁၅ မှာ လုပ်မယ်။ NLD ဟာ ခု ဒီစာရေးနေတဲ့ ၂၀၁၃ ခု နှစ်ကုန်ပိုင်း အထိ မငြိမ်းသေးဘူး။ တစ်ချိန်က အလွန်ကျစ်လျစ် ခိုင်မာခဲ့တဲ့ NLD ဟာ ဖရိုဖရဲ ဖြစ်နေတယ်။ လူထုရဲ့အားကိုးမှုက နည်းနည်းကျဆင်းလာနေတယ်။

ဒါကို ကျွန်တော်တို့ ကြိုတွက်ထားခဲ့ပါတယ်။ ဘယ်နေရာမှာမဆို ကြွက်တွေ ဝင်မွှေပြီး ထွင်းဖောက် ဖြိုခွဲခဲ့တာ သမိုင်းစဉ်တစ်လျှောက် အထင်အရှားပဲ။

တစ်ချိန်က NLD ရဲ့ အမာခံ ဆိုသူတွေထဲက တချို့ဟာ ခုအချိန်မှာ အကြီးအကျယ် ကြီး ပွားချမ်းသာပြီး တိတ်တဆိတ် ကျိတ်ပေးတဲ့ ဘွဲ့ဂုဏ်ထူးတွေ၊ ဆုတံဆိပ်တွေနဲ့ နိုင်ငံတော် အခမ်း အနားတွေမှာ ပြုံးဖြီးဖြီး လုပ်နေကြတာ တွေ့မှာပါ။

ကြွက်တွေ ဝင်လို့ ဗကပ ပြိုကွဲခဲ့ရတယ်။ ကြွက်ကိုက်လို့ သခင်သန်းထွန်း အသက်စွန့်ခဲ့ရ တယ်။ ကြွက်မွှေလို့ ဗကပ ကိုးကန့်/ ‘ ၀ ’ အကွဲကြီး ကွဲခဲ့တယ်။ KNU နဲ့ DKBA ကွဲခဲ့တယ်။ ABS-DF ရဲ့ မြောက်ပိုင်း ဖြုတ်ထုတ်သတ်ပွဲကြီးဟာလည်း ကြွက်တွေရဲ့ လက်ချက်ပဲ။

ဒီတော့ NLD ထဲ ကြွက်ဝင်တာ ဘာမှ မဆန်းဘူး။ အခု ဖရိုဖရဲ ဖြစ်နေတာလည်း ကြွက် လက်ချက်ပဲ။

သို့သော် တစ်ဖက်ကလည်း ၈၈ ပြစ်မှု၊ ရွှေဝါရောင်ပြစ်မှု၊ နာဂစ်ပြစ်မှု၊ မဲလိမ်ပြစ်မှု စတဲ့ ပြစ် မှုကြီးတွေ တသီတတန်း ဆိုတော့ NLD ဟာ လူချစ်လူခင် များဆဲပဲ။

ကျေး/ဖွံ့ ဆိုပြီး ချွတ်နဲ့ ကြွံတွေပေါင်း၊ နိုင်ငံ့ဘဏ္ဍာတွေ ဒလဟော သုံးပြီး သက်ဆင် ခြေ လှမ်းကို လိုက်နင်းပေမဲ့ NLD ဟာ ၁၉၉၀ ရဲ့ စံချိန်အတိုင်း နေရာတိုင်းလိုလိုမှာ နိုင်ပြီး အစိုးရဖွဲ့နိုင် ပြီ ဆိုပါတော့။ ကမ္ဘာ့ဒီမိုကရေစီ မြတ်နိုးသူများက မျှော်လင့်တဲ့အတိုင်း ဒေါ်စုက သမ္မတကြီး ဖြစ် လာပြီး ဆိုပါစို့။

ဟုတ်ပြီ ... သမ္မတကြီး ဒေါ်စုအတွက် ကိုယ်ရံတော်တပ်ဖွဲ့ လိုလာပြီ။ ယာဉ်တန်း လုံခြုံ ရေးအတွက် လက်နက်ကိုင် အစောင့်အရှောက်တွေ လိုလာပြီ။ ဘယ်သူ လုပ်ပေးမှာလဲ။

နယ်မြေရဲစခန်းက ပြည်ထဲရေးဝန်ကြီးရဲ့ လက်အောက်၊ ပြည်ထဲရေး ဝန်ကြီးက ကာချုပ်ရဲ့ လက်အောက်။ ကာချုပ်ရဲ့ အထက်မှာ သမ္မတ အပါအဝင် ဘယ်သူမှ မရှိဘူး။ လွှတ်တော် သုံးရပ် မပြောနဲ့၊ ကာကွယ်ရေးဝန်ကြီးတောင် မရှိဘူး။ ကာကွယ်ရေးဝန်ကြီးကသာ ကာချုပ်ရဲ့ လက် အောက်ခံ ဖြစ်နေတာ။ ဒီတော့ သမ္မတကြီး ဒေါ်စုခမျာ လက်နက်ကိုင် အစောင့်အရှောက်အဖြစ် ရဲသားတစ်ဦးလောက် ရချင်တာတောင် ရဖို့ မလွယ်ပါဘူး။

NLD လူငယ်လေးတွေကို အစောင့်အဖြစ် ထားမယ် ဆိုပါစို့။ သူတို့ဟာ လောက်လေးခွ၊ ဝါရင်းတုတ် စတာတွေကို ကိုင်မယ်ဆိုရင် သူတို့ဟာ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သွားပြီ။

ဘယ်နိုင်ငံရေးပါတီမှ လက်နက်ကိုင်တပ်ဖွဲ့ ထားရှိခွင့် မရပါဘူး။ ထားရင်လည်း အခြေခံ ဥပဒေအရ အဲဒီ လက်နက်ကိုင်တပ်ဖွဲ့က ကာချုပ်အောက်ကို

အလိုအလျောက် ရောက်သွားပါ မယ်။ ကာချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့ မှန်သမျှ၏ အကြီးအကဲဖြစ်သည် ဆိုတဲ့သဘော ရေး ထားတာကိုး။

အဲဒီ တော့ သမ္မတကြီး ဒေါ်စု ရပ်ကွက်အတွင်း လှည့်မယ်၊ လူထုနဲ့ တွေ့ဆုံ ဟောပြော ဆွေးနွေးမယ် ဆိုရင်လည်း ဒီသဘောပါပဲ။ သက်ဆိုင်ရာ နယ်မြေရဲစခန်းက ခွင့်မပြုရင် မရဘူး။

တပ်မြေ ဆိုရင် သာပြီး ဆိုးသေးတယ်။ တပ်ရင်းတပ်ဖွဲ့တွေထဲဝင်လို့ မရဘူး။ ဇေယျာသီရိ နယ်မြေက တပ်နယ်မြေ တောင်တန်း (ကျောက်သံပတ်၊ ပိုးထိုးပင်တောင်ကြောကနေ ပင်လောင်း တောင်ကြောအထိ နယ်မြေကြီး) ကို ဝင်ခွင့် မရှိဘူး။

တပ်ပိုင်လုပ်ငန်း ဖြစ်တဲ့ မြဝတီ အသံလွှင့်ရုံ (တပ်ကုန်း) ထဲ ဝင်ခွင့် မရှိဘူး။ အသံလွှင့်ခွင့်၊ အင်တာဗျူးလုပ်ခွင့် ရချင်ရင် ကာချုပ်က ခွင့်ပြုမှ ရမယ်။

ဘဏ္ဍာရေးဝန်ကြီးရယ်၊ ဗဟိုဘဏ် ဥက္ကဋ္ဌရယ်၊ စက်မှုဝန်ကြီးရယ်၊ နိုင်ငံတော် စာရင်းစစ် ချုပ်ရယ်ကို ခေါ်ပြီး ငွေစက္ကူရိုက်နှိပ်တဲ့ ဝါဇီစက်ရုံကို သွားရောက် လည်ပတ် စစ်ဆေးဖို့ မဖြစ်နိုင် ဘူး။ တပ်မြေထဲမှာ ဖြစ်တဲ့အပြင် တပ်ပိုင်လုပ်ငန်းလည်း ဖြစ်နေတဲ့ကာချုပ်ဆီ လျှောက်လွှာတင် ရမယ်။

ဒီပဲယင်းအမှုကို ပြန်ဖော်လို့ မရဘူး။ သူတို့ကို နောက်ကြောင်းပြန် အရေးယူခြင်း၊ အပြစ် ပေးခြင်း မလုပ်ရလို့ အခြေခံ ဥပဒေထဲမှာ အတိအလင်း ဆိုထားတယ်။

ငါးလောင်းပြိုင်အမှုကိုကော။ အမှုမပိတ်သေးပေမဲ့ ကိုင်နေတာက ပြည်ထဲရေးလေ။ ကာ ချုပ်အောက်က။

ကုန်ကုန် ပြောမယ် ဒေါ်စု ...

မီးရာ ပုဒ်မနဲ့ ဆွဲစေ့ထားတဲ့ NLD ပါတီဝင်တို့၊ ပုဒ်မ ၁၈ နဲ့ ခံနေရတဲ့

ဆန္ဒပြ လူငယ်တို့ကို တောင် အရမ်းဝင်ကူလို့ မရဘူး။ အမှုကိစ္စတွေဟာ ပြည်ထဲရေးနဲ့ သက်ဆိုင်နေတာ ဖြစ်လို့ ကာ ချုပ်ကပဲ အမိန့်ပေးခွင့် ရှိတယ်။

ထောင်ဆေးရုံဝန်ထမ်း တိုးချဲ့ဖို့၊ အကျဉ်းသားတွေကို ကျန်းမာရေး စောင့်ရှောက်ဖို့၊ အစား အသောက် အဆင့်မြှင့်ဖို့၊ ဆောင်းတွင်းမှာ စောင် မပါ၊ ခေါင်းအုံး မပါနဲ့ အင်္ကျီတေ ကြမ်းပြင်ပေါ် အိပ် ခိုင်းတာတို့၊ ထောက်လှမ်း စစ်မေးရာမှာ မလိုအပ်ဘဲ အာဃာတနဲ့ အသေအကျေ လုပ်တာတို့ကို တောင် ဒေါ်စုဟာ နိုင်ငံတော် သမ္မတအနေနဲ့ ဘာမှ ဝင်လုပ်လို့ မရဘူး။ ဝင်စစ်မေးချင်ပါတယ် ဆို ရင်တောင် ပြည်ထဲရေးဝန်ကြီးကတစ်ဆင့် ကာချုပ်ဆီ လျှောက်လွှာ (အသနားခံစာ) တင်ရပါမယ်။

ဒါပါပဲ ဒေါ်စုရေ … ဆက်တော့ ရေးပါဦးမယ်။

President ဆိုတာ အင်္ဂလိပ်လိုပဲ ကောင်းတယ်။ မြန်မာလိုကျတော့ ‘ သမတ ’ ဖြစ်လိုက်၊ ‘ သမ္မတ ’ ဖြစ်လိုက်နဲ့။ အလံပြဘုရားလမ်းက ရုပ်ရှင်ရုံ ဆိုရင် ဆိုင်းဘုတ် ခုတစ်မျိုး ခုတစ်မျိုး ပြောင်းလဲခဲ့ရတာ ။

မလွယ်တာတွေ ပြောနေရတာ ကတော့ မလွယ်အောင် လုပ်ထားတာတွေကို အများ သိ အောင်လို့ပါ။

**ရန်ကုန်တိုင်းမ်နေ့စဉ်၊ ဒီဇင်ဘာ ၃၊ ၂၀၁၃ (အင်္ဂါနေ့)**

***

ပေးစာ - ၂

## ဘယ်လိုသိမ်းမလဲ

**လူတစ်ဦးကို အကဲဖြတ်ချင်ရင် သူ့အရေးအသားရယ်၊ ပြောစကားရယ်၊ သူ့ကို ဝိုင်းအကြံပေးနေကြတဲ့လူတွေ ရယ်ကို ကြည့်ရပါတယ်။ သူ့မှာ ဘယ်လောက် အတွေး အခေါ် ရှိသလဲ ဆိုတာကိုတော့ သူ ဘယ်သွား၊ ဘာ လုပ်တယ် ဆိုတာနဲ့ ဆုံးဖြတ်ရပါတယ်။**

***

## ဘယ်လိုသိမ်းမလဲ

ဒေါ်စုခင်ဗျား ...

ခရီးတွေလည်း သွားနိုင်လိုက်တာနော်။ ပြောစရာတွေလည်း ပြောနိုင်လိုက်တာ။ ကျွန်တော် သာ နိုင်ငံရေးပါတီ တစ်ခုမှာ ပါပြီး လွှတ်တော်ကိုယ်စားလှယ် ဖြစ်မယ်ဆိုရင် ကျွန်တော်ဟာ ဒေါ်စု ရဲ့ အရည်အသွေးကို မီအောင် လိုက်လေ့ကျင့် အတုခိုးမိမှာပဲ။

ကမ္ဘာပေါ်မှာ နံပါတ် (၁) ဆိုတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ၊ စီးပွားရေးသမားတွေ၊ ပညာ ရှင်တွေနဲ့ မျက်နှာ အောက်မချ၊ စကားပြန်ကို

အားကိုးစရာ မလို၊ အကြံပေးတွေ လှမ်းတိုင်ပင်စရာ မလို၊ စာဖတ်နေသူကြီးထံက ညွှန်ကြားချက် တောင်းခံစရာ မလိုဘဲ သွက်သွက်လက်လက် ပြော နိုင်တဲ့ အရည်အချင်း။

ဒါမျိုးဆိုတာ လေ့ကျင့်ယူလို့ ရပါတယ်။ အသက် ၅၀ မှာ တစ်နေ့ နှစ်နာရီ စာဖတ်၊ နှစ်နာရီ လေ့ကျင့်ရင် ၅၅ နှစ် ရောက်တဲ့ အချိန်မှာ ဗဟုသုတလည်း စုံချိန်မီ၊ အင်္ဂလိပ်စာ နားထောင် ပြန် ပြော အရည်အချင်းမှာလည်း စံချိန်မီ ဖြစ်လာပါတယ်။ ကျိန်းသေပါ။

ကြီးလေးတဲ့ တာဝန် ယူထားပြီး ဘာမှလည်း မသိ၊ ဘာမှလည်း မပြောတတ် ဆိုတဲ့ လူစား မျိုးဟာ ရောက်နေတဲ့ နေရာနဲ့ မထိုက်တန်ပါဘူး။ လူတစ်ဦးကို အကဲဖြတ်ချင်ရင် သူ့အရေးအသား ရယ်၊ ပြောစကားရယ်၊ သူ့ကို ဝိုင်းအကြံပေးနေကြတဲ့ လူတွေရယ်ကို ကြည့်ရပါတယ်။ သူ့မှာ ဘယ် လောက် အတွေးအခေါ် ရှိသလဲ ဆိုတာကိုတော့ သူ ဘယ်သွား၊ ဘာလုပ်တယ် ဆိုတာနဲ့ ဆုံးဖြတ် ရပါတယ်။

ကျွန်တော် အလွယ်ဆုံး ဥပမာ ယူပြမယ် ဒေါ်စု။ ဦးနေဝင်းဟာ သူ အာဏာလက်ရှိ အချိန် မှာ အာဇာနည်ဗိမာန်ကို သွားပြီး ပန်းခွေချ အလေးပြုဖူးတာ တစ်ခါမှ မရှိဘူး။ သို့သော် ကျောက် မျက်ရတနာပြပွဲ၊ ရောင်းပွဲတွေမှာ တစ်ရက် ကြိုပြီး သွားကြည့်တာ မပျက်မကွက် ‘ ကွဲရောက်စစ် ဆေး ’ ပြီး ‘ လမ်းညွှန်မှာကြား ’ တယ်ပေါ့။

မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်တစ်ဦးကို အကဲဖြတ်ရတာ သိပ်လွယ်ပါတယ် ဒေါ်စု။ တိုင်းပြည် လွတ်လပ်ရေး ရအောင်၊ အခုလို အသီးအပွင့်ကို နှစ်သီး၊ သုံးသီးမက ဥပဒေထဲပါ ထည့်ပြီး ဆွေစဉ် မျိုးဆက် ခံစားနိုင်အောင်လို့ တိုင်းပြည် လွတ်လပ်ရေးအတွက် အသက်ပေး တိုက်ခိုက်ခဲ့တဲ့ အာဇာ နည်ကြီးတွေအပေါ် သူတို့ ဘယ်လို သဘောထားသလဲ စောင့်ကြည့်လိုက်ပါ။

နဝတခေတ် မတိုင်မီအထိ နိုင်ငံတော် ခန်းမတွေ၊ အစိုးရ ဌာနတွေမှာ ဗိုလ်ချုပ်အောင်ဆန်း ပုံ ရှိနေခဲ့တာကို ကြည့်ရင် ဦးနေဝင်းဟာ ကျေးဇူးကန်းတတ်သူလို့ အထင်ခံရဲလောက်အောင် သတ္တိ မရှိခဲ့တာ ထင်ရှားပါတယ်။

စာလည်း တောင်ရောက်မြောက်ရောက် ဖြစ်နေပြီ။

အခြေခံ ဥပဒေကြီးကို အသစ်နီးပါး ပြန်ပြင်ဖို့ ဒါမှမဟုတ် အရေးကြီးတဲ့အချက်တွေ အမြန် ပြင်ဖို့ လုပ်နေတဲ့ လှုပ်ရှားမှုကြီးကို ကျွန်တော် စိတ်ဝင်စားတယ်။ ကျွန်တော်ဟာ တခြား ဘဝတူ ရပ်ကွက်နေ လူတန်းစား၊ လမ်းလျှောက် လူတန်းစားလိုပဲ ၂၀၀၈ ကြီး ဘယ်လို လုပ်ခဲ့တယ်၊ ဘယ် လို အတည်ပြုခဲ့တယ် ဆိုတာတွေ မသိချင် မကြားချင် အဆုံးပါ။

ရစ်လေးလုံး လှည့်ကွက်တို့၊ ရွှေဝါရောင် လှည့်ကွက်တို့အကြောင်းလည်း သိပါတယ်။ ရေး သင့်တာတွေလည်း သမိုင်းသုတေသီတွေ ခြေရာကောက်နိုင်အောင် ရေးပြပြီးခဲ့ပါပြီ။

အဲဒီ ၂၀၀၈ ကြီးကို ပြင်ဖို့ လုပ်နေပေမဲ့ တကယ်ဖြစ်ပါ့မလား ဆိုတာ ကျွန်တော် သံသယရှိ ပါတယ်။ နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ် ဆိုတာ ဒီမိုကရေစီရဲ့ စံနှုန်းတွေနဲ့ ဘယ်လို မှ လူစဉ်မမီတဲ့ hidden-hand democracy or so-called democracy ဆိုတာ ရှင်းပါတယ်။ ဒါ ကြီးကို ပြင်တဲ့အခါ လူထုတစ်ရပ်လုံးရဲ့ ဆန္ဒထက် အစိတ်သားတွေရဲ့ (hidden-hand ရဲ့) ဆန္ဒက သာ အဓိက ဆိုတာ အားလုံး သိနေကြပြီပဲ။

HH နဲ့ နောက်တော်ပါတွေ၊ လက်ပါးစေတွေ၊ ခရိုနီတွေရဲ့ အကျိုးနဲ့ လက်ရှိ အနေအထား ကို ထိခိုက်သွားမယ် ဆိုရင် အပြင်ခံမှာ မဟုတ်ဘူး။ ပြင်လို့ပြင်လည်း သူတို့ဘက်က လှည့်ကွက် တစ်ခုအတွက် ဒေါ်စုအကျိုးလိုလို အယောင်ပြပြီး ပြင်ခွင့်ပေးတာမျိုးပဲ ဖြစ်မယ်။

ဒေါ်စု ကြိုးစားချက်တွေဟာ ရန်သူ့တောင်ကုန်းကို ခြေလျင်စစ်သား လက်တစ်ဆုပ်စာနဲ့ တက်သိမ်းရသလို ဖြစ်နေတယ်။ ရန်သူက မြေအောက်လိုဏ်ခေါင်းနဲ့ ကင်းစခန်း အထပ်ထပ်ချ ထားတယ်။ လက်နက်ကြီးတွေနဲ့ စောင့်နေတယ်။ ဘယ်အဆင့်မှာမှ မလှုပ်သာအောင် 75+/ ဆိုတာနဲ့ စပြီး ခင်းထားတယ်။ တစ်ဆင့်ထက်တစ်ဆင့် အခက်အခဲက ပိုကြီးလာပါတယ်။

အဲဒါတွေ ဖြတ်ပြီး စခန်းအခြေကို ကပ်ရင် လောင်ချာတို့လို အငယ်စားက အစ chemical warfare အထိ အကြီးစားတွေနဲ့ ရင်ဆိုင်ရမယ်။ မိုင်းကွင်းလည်း ရှိတယ်။ အဲဒါတွေကို ရမ်ဘိုတို့၊ အာနိုးတို့လို အောင်အောင်မြင်မြင် ဖြတ်တယ်ပဲထား၊ စခန်း အဝင်တံတား မတိုင်မီ သတ်ကွင်းကို တစ်လက်မ မကျန် ဖုံးကြဲဖို့အတွက် ကွပ်ကဲရေးရုံးမှာ HH က ခလုတ်သေတ္တာကိုင်ရင်း စောင့်နေ တယ်။ အဲဒါကို ကျော်ဖို့ဆိုတာ စဉ်းစားရင်တောင် မလွယ်ဘူး။

ကျော်နိုင်သွားပြီ ဆိုပါစို့ HH နဲ့ အပေါင်းအပါများက ရဟတ်ယာဉ်ပေါ် မတက်မီမှာ တံတား က မိုင်းဖုံးကို ခလုတ်နှိပ်မှာပဲ။

ဒါတွေဟာ ဒေါ်စု စိတ်ပျက်အောင် ပြောတာ မဟုတ်ပါဘူး။ ဘာတိုက်ပွဲမှ အောင်အောင်မြင် မြင် မတိုက်နိုင်ခဲ့ဘဲ တပ်မကို အပိုင်းခံရတော့ သံချပ်ကာတပ်လည်း ပါလာတဲ့ ဗျူဟာမှူးက နှစ် ရက် ခရီးကနေ မီးရထားကြီး မောင်းသလို အပြင်းနှင်လာပြီး နောက်ကျောက ဝင်တိုက်ပေးလို့ သေ ဘေး လွတ်ခဲ့ရတဲ့လူဟာ အတွေ့အကြုံကို ဆရာတင်ပြီးတဲ့နောက် အကွက်စေ့စေ့ စီမံတတ်လာ တာ မျက်မြင်ပဲ။

သို့သော် ဒေါ်စု နိုင်ငံတကာ ခြေဆန့်ပြီး သံခင်းတမန်ခင်းနဲ့ ဗျူဟာဆင်တာ အားလုံး မြင် ပါတယ်။ Sanction တွေ ရုပ်သိမ်းမှုမှာ ဘယ်လို စည်းကမ်းချက်တွေ ရှိနေခဲ့တယ်၊ တိုင်းပြည်ရဲ့ ဒီမို ကရေစီရေးကို လမ်းမှန်ကမ်းမှန် လုပ်မပေးရင်၊ လူထုအပေါ် humanright violation ဆိုတဲ့ လူ့အ ခွင့်အရေး

ဖောက်ဖျက် နှိပ်ကွပ်သတ်ဖြတ် စော်ကားမှုတွေ ဝင်လာရင် ဘာတွေ ဖြစ်လာမယ် ဆိုတာ ကျွန်တော် ရိပ်မိပါတယ်။

အာဆီယံ ဥက္ကဋ္ဌ ရာထူးကို လက်ခံထားတဲ့နိုင်ငံ အနေနဲ့ ထန်းပင်ခွကြားထိုင်မိလျက်သား ဖြစ်နေတယ် ဆိုတာလည်း မြင်ပါတယ်။ ပါးနပ်တဲ့နိုင်ငံရေးသမားတစ်ဦးရဲ့ အချိန်ကိုက် ရွှေ့ကွက် အဖြစ် ဒေါ်စုရဲ့လုပ်ရပ်ကို ကျွန်တော် အလွန်ကြိုက်ပါတယ်။

ပွဲကတော့ ပွဲကောင်းကြီးပါပဲ။ ဒေါ်စု နိုင်သွားရင်တောင် အုပ်ချုပ်ရေးပိုင်းမှာ အတွင်းဖျက် (sabotage) လုပ်ကြဖို့ အကွက်တွေကို ပထမစာမှာ ကျွန်တော် ရေးခဲ့ပြီးပါပြီ။ ဒါမျိုးကို ရှင်းရတာ လွယ်ပါတယ်။ သို့သော် HH ရဲ့ လက်ပါးစေတွေကို ကိုင်တွယ်ရင် သိပ်လိမ္မာမှ ဖြစ်မယ်။ အဲဒီ အ တွက် အကြံပေးအဖွဲ့ထဲမှာ ထက်ထက်မြက်မြက် လူတွေ လိုလိမ့်မယ်။

ဒေါ်စု သမ္မတ ဖြစ်ပြီ ထားပါတော့။ အကြံပေးအဖွဲ့ကို ဘယ်လိုဖွဲ့မှာလဲ။ ကားတွေ သံရည် ကျိုဖို့ အကြံပေးပြီး ကိုယ်တိုင်က တစ်စီး လေး၊ ငါးသိန်းနဲ့ ညတွင်းချင်း အစီး ၁၀၀ လောက် လိုက် ဝယ်တဲ့ လူစားမျိုးတွေကို ခန့်မှာလား။

အဲဒီ အကြောင်း နောက်တစ်စောင် ရေးပါဦးမယ်။

**ရန်ကုန်တိုင်းမ်နေ့စဉ်၊ ဒီဇင်ဘာ ၇၊ ၂၀၁၃ (စနေနေ့)**

***

ပေးစာ - ၃

**အလင်းတန်းများကို စဉ်းစားခြင်း**

**ဥပဒေ ကျွမ်းကျင်သူရဲ့ မှတ်ချက်အရ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ ကိုယ့်နိုင်ငံအလံကို မရိုမသေ လုပ်ရင် ဘယ်လိုအရေးယူခံရမယ်ဆိုတာ အတိအလင်း ပြဋ္ဌာန်းထားပေမဲ့ တရုတ်အလံကို မီးရှို့ရင် ဘယ်လိုပြစ်ဒဏ်ထိုက်တယ်ဆိုတာ မပါဘူးလို့ သိရပါတယ်။**

***

## အလင်းတန်းများကို စဉ်းစားခြင်း

ဒေါ်စုခင်ဗျား ...

ရေးနေကျ နိုင်ငံရေးကိစ္စများ မရေးမီမှာ ဟိုးတစ်ချိန်တုန်းက မြန်မာ့အသံမှာ လာလေ့ရှိတဲ့ ကဏ္ဍတစ်ခုကို လိုက်တုပြီး ‘ ယနေ့ထုတ် သတင်းစာများမှ ကောက်နုတ်ချက်များ ’ ဆိုတာမျိုး ရေး လိုက်ပါဦးမယ်။

နေ့စဉ် သတင်းစာကြီးတစ်စောင်ရဲ့ မျက်နှာဖုံးသတင်းတွေမှာ ကျွန်တော်

ပထမဆုံး သတိ ထားမိလိုက်တာက ‘ တရုတ်နိုင်ငံအလံကို မီးရှို့ဖျက်ဆီးမှုဖြင့် ဖမ်းဆီးခြင်းခံရသူကို ယနေ့ရုံးထုတ် မည် ’ ဆိုတာပါပဲ။

အရင်နှစ်က ဒီရက်ပိုင်းမှာ လက်ပံတောင်းတောင် သပိတ်စခန်းက ရဟန်းတော်တွေကို ညဥ့်ကြီးသန်းခေါင်မှာ ရေနဲ့ ပက်ပြီးမှ ရေနဲ့ ဓာတ်ပြုတတ်တဲ့ ဖော့စဖရပ်စ်ပါ မီးလောင်ဗုံးနဲ့ ပစ်လို့ ရဟန်းတွေ ဆိုးဆိုးရွားရွား ဒဏ်ရာရကြတယ်။ အဲဒီ နှစ်လည်နေ့ အခမ်းအနားနဲ့ ဆန္ဒပြပွဲကို ရန် ကုန်မှာ ကျင်းပရင်းက ဟယ်လပင်လမ်းလို့ ခေါ်ခဲ့တဲ့ ပြည်ထောင်စုရိပ်သာလမ်းမှာ ရှိတဲ့ တရုတ်သံ ရုံးရှေ့အထိ သွားရောက် ဆန္ဒပြကြတယ်။

လက်ပံတောင်းတောင် စီမံကိန်းမှာ လုပ်ဆောင်နေတာက ဝမ်ပေါင်လို့ ခေါ်တဲ့ တရုတ်ကုမ္ပဏီပါ။ ဒီကုမ္ပဏီကို လိုက်စစ်တော့ တရုတ်ရဲ့ နိုင်ငံပိုင်လုပ်ငန်း (လက်နက်ကိုင်တပ်ဖွဲ့ရဲ့ စီးပွားရေး လုပ်ငန်း) ဖြစ်နေတာ တွေ့ရတယ်လို့ မှတ်တမ်းများ ရှိကြောင်း ဖတ်ရဖူးပါတယ်။

ဒါကြောင့် ထင်ပါရဲ့၊ ဆန္ဒပြသူတွေက တရုတ်အလံကို မီးရှို့ပြီး ဆန္ဒပြကြတယ်။ အဲဒီ နေ့ က ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက် သောကြာနေ့ပါ။ ခေါင်းဆောင်သူတွေကို အဲဒီ ည ၁၀ နာရီမှာ လာဖမ်းသွားတယ် ဆိုပါတယ်။

ဒီနေ့ဖြစ် ဒီနေ့ဖမ်းတာမို့ ဘာမှ အပြစ်တင်စရာ မရှိပါဘူး။ သို့သော် လုပ်နေကျ လုပ်ငန်း များထဲမှာ တစ်ခုက အပြစ် သိပ်မကြီးသော်လည်း တိုင်တန်းသူရဲ့ မျက်နှာကြောင့် တရားခံလို့ ယူ ဆရသူတွေကို သောကြာနေ့မှာ ဖမ်းလေ့ ရှိတာပါပဲ။

ရဲမှူးနဲ့ ဖမ်းရင် ၂၄ နာရီအတွင်းမှာ ရုံးထုတ်ပြီး ရမန် ယူရပါတယ်။ ရမန် ရမှ နောက်ထပ် ၁ နစ်ရက်၊ ရမန်ကြီး ဆိုရင် ၁၄ ရက် ဆက်လက်ချုပ်နှောင်ခွင့်ရှိပါတယ်။ ရမန်ကိုလည်း တရားရုံးကပဲ ပေးခွင့် ရှိတာပါ။

အဲဒီ လို ရမန် ယူတဲ့အခါ အာမခံ ပေးလို့ ရနိုင်တဲ့၊ အာမခံနဲ့

နေထိုင်ခွင့်ပြုလို့ ရတဲ့ အမှုမျိုး မှာ အာမခံနဲ့ အချုပ်လွတ် ထုချေခွင့် ပြုရပါတယ်။ ရမန် မယူဘဲ အာမခံပေးလို့ ရလျှက်သားနဲ့ မ ပေးရင် နိုင်ငံတော် ရှေ့နေချုပ်ရုံးဆီ တိုင်ကြားလို့ ရပါတယ်။

အဲဒီ တော့ ရန်ငြိုးတို့၊ အာဃာတတို့ကြောင့် ကိုယ် မကျေနပ်သူကို အချုပ်ထဲ ခဏ ပို့ထား ချင်တဲ့အခါမှာ သောကြာနေ့ ညနေပိုင်း သို့မဟုတ် ညပိုင်းတွေ ဖမ်းကြပါတယ်။ စစ်ချက်တွေ၊ ဘာ တွေကို လုပ်ထုံးနဲ့အညီ လုပ်နေရင်းက ရုံးချိန်ကျော်သွားရင်ဖြစ်ဖြစ်၊ ညပိုင်းကျမှ ဖမ်းတာမျိုးဖြစ်ဖြစ် နောင်နှစ်ရက်တာ စနေ၊ တနင်္ဂနွေ ဖြစ်နေတော့ တရားရုံး မဖွင့်ပါဘူး။ ဒါကြောင့် နောင်မှ လွတ်ကာ မှ လွတ်ရော၊ အဲဒီ သုံးညတော့ ရဲအချုပ်ခန်းမှာ အိပ်ရပါတော့တယ်။ ပညာကွက်တွေ ခေါ်ပါတယ်။ ကြုံလို့ ရေးပြတာပါ။

ဥပဒေ ကျွမ်းကျင်သူရဲ့ မှတ်ချက်အရ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ ကိုယ့်နိုင်ငံ အလံကို မရိုမသေ လုပ်ရင် ဘယ်လို အရေးယူခံရမယ် ဆိုတာ အတိအလင်း ပြဋ္ဌာန်းထားပေမဲ့ တရုတ်အလံကို မီးရှို့ရင် ဘယ်လို ပြစ်ဒဏ်ထိုက်တယ် ဆိုတာ မပါဘူးလို့ သိရပါတယ်။ တရုတ် အလံဖြစ်ဖြစ်၊ အမေရိကန်အလံပဲဖြစ်ဖြစ် အတူတူပါပဲ။

ဒီနေရာမှာ စိတ်ဝင်စားစရာ ကောင်းနေတာက သတင်းစာရဲ့ ခေါင်းစီးတပ်ပေးပုံ ဖြစ်ပါ တယ်။ ‘ တရုတ်နိုင်ငံအလံကို မီးရှို့ ဖျက်ဆီးမှုဖြင့် ဖမ်းဆီးခြင်း ခံရသူ … ’ ဆိုတာဟာ တကယ် တော့ အဖြစ်မှန်ကို အရင်းတိုင်း ခေါင်းစီးပေးလိုက်ခြင်းမျှသာ ဖြစ်ပါတယ်။

သို့သော် တွဲဖက်အနက်ကတော့ ‘ တရုတ်အလံ မီးရှို့လို့ အဖမ်းခံရတာ ၊ တခြားနိုင်ငံရဲ့ အ လံ ဆိုရင် ဒါမျိုး ဖြစ်ချင်မှဖြစ်မယ် ’ ဆိုတဲ့သဘော ရောက်သွားပါတယ်။ ဖတ်သူက စဉ်းစားမိစေပါ တယ်။

အဲဒီ အခါမှာ ကိုယ့်ဥပဒေမှာ ဘာမှ တားမြစ်ထားတာ မပါဘဲနဲ့

တရုတ်အလံမို့ အပြစ်ကြီး နေတော့သယောင် ဖြစ်သွားပါတော့တယ်။ ‘ တရုတ်ပြေးမင်း၊ ပြီးတော့ တရုတ်ပေးမင်း၊ ခုတော့ တရုတ်ကြောက်မင်း ’ ဆိုပြီး မင်းဆက် ထူထောင်တာမျိုးလားလို့ ပြုံးတဲ့သူက ပြုံးကြလိမ့်မယ်။ အပြည့်အစုံတွေကို အရှည်အဝေးတွေ ပြောနေရရင် ဒေါသသင့်ကုန်လိမ့်မယ် ဒေါ်စု။

နောက်တစ်ခုကတော့ ‘ မြန်မာ့သစ်လုပ်ငန်းကို ပုဂ္ဂလိက ကုမ္ပဏီအဖြစ် ပြောင်းလဲရန်စီစဉ် ’ တဲ့ဗျ။ ‘ သို့သော် နိုင်ငံတော်ကသာ ရာနှုန်းပြည့် ပိုင်ဆိုင်မည် ဖြစ်ပြီး … ’ ဆိုတာကို ဆက်ဖတ်လိုက် ရပါတယ်။ “ ဟောဗျာ ” လို့ အော်လိုက်မိပါတယ်။ စည်းကမ်းတကျ အထက်မှထိန်းကျောင်းပေး ထားသော ဒီမိုကရေစီစနစ် ဆိုတာမျိုးကို ကျွန်တော် အဖြေပေါ်အောင် မစဉ်းစားတတ်သလို ဖြစ်နေပြီ။

ဒီမိုကရေစီကို တိုတိုနဲ့ လိုရင်း ပြောရင် ဒီမိုကရေစီရဲ့ အသက်ဟာ များရာစု (Majority) ရဲ့ အုပ်စိုးခွင့်ကို နည်းရာစု (Majority) က လက်ခံရတာ ဖြစ်ပြီး များရာစုကလည်း နည်းရာစုရဲ့ ပြော ဆိုပိုင်ခွင့်ကို လေးစားရတာ ဖြစ်ပါတယ်။ ဆင်းရဲတဲ့ မိသားစုက ကလေးတွေဟာ မွေးကတည်းက ဝဲစွဲတာနဲ့ ဒွန်တွဲလာရသလို လူထုဆန္ဒမဲ့ မပါဘဲ ‘ ဝဲစွဲ ’ လာတဲ့ အုပ်စုတစ်စု ပါနေတာမျိုးက ဒီမိုက ရေစီလမ်းစဉ်လို့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ ကြွေးကြော်ထားတာနဲ့ ဆန့်ကျင်နေတတ်တာကို ဒေါ်စုလည်း တိုင်းပြည်ရဲ့ ဒီမိုကရေစီရေးအတွက် တိုက်ဖျက်ပေးနေရတာ ပဲလေ။

ထားပါတော့။ ကျွန်တော် ပြောချင်တာက ‘ ရာနှုန်းပြည့် နိုင်ငံတော်ပိုင် ပုဂ္ဂလိက ကုမ္ပဏီ ’ ဆိုတာပါပဲ။ ပြည်တွင်းဖြစ် နိုင်ငံခြားအရက် ဆိုတာမျိုးပေါ့။ အရက်ဟာ အရက်ပဲပေါ့။ မြန်မာအ ရက်ဆိုတာလည်း အသီးအနှံ၊ သကာ တစ်ခုခု ချက်တာပဲ။

နိုင်ငံခြားအရက်လည်း ဒါပဲ။ အရင်တုန်းက FL အမှတ် ဘယ်လောက် ဆိုပြီး ဆိုင်ကြီးတွေ ဟီးလို့။ Foreign Liquor ကို ပြောတာ ဖြစ်ပေမဲ့ FL ရဲ့ ကမ္ဘာသိ

အဓိပ္ပာယ်ကို မသိလို့ လုပ်လွှတ် လိုက်တာ ရှင်းပါတယ်။ နောင်တော့ မြန်မာရမ်၊ မန္တလေးရမ်၊ မန္တလေး ဘရန်ဒီစသည်ဖြင့် ပေါ်လာ တော့ အေးသွားရော။

ဒီလို သဘောမျိုးပါပဲ။ နိုင်ငံတော်ပိုင်ဟာ ပုဂ္ဂလိက မပိုင်ဘူး။ ပုဂ္ဂလိကပိုင်ဟာ နိုင်ငံတော် ပိုင် မဟုတ်ဘူး။ ရန်ကုန်မှာ နိုင်ငံတော်ပိုင် မြေကွက်တွေ၊ အဆောက်အအုံတွေဟာ ဘာမှ တင်ဒါ မခေါ်ဘဲနဲ့ ပုဂ္ဂလိက အဖွဲ့အစုပိုင်အဖြစ် အခမဲ့ သက်ဆင်းသွားပြီးတဲ့အခါ အဲဒီ အဖွဲ့အစုကပဲ ငှား ရမ်းတာတို့၊ ရောင်းစားတာတို့ လုပ်နေတာ မျက်မြင်ပဲ။

ဘယ်လိုလက်လှည့် မျက်လှည့်တွေနဲ့ ပြောင်းယူယူ နိုင်ငံတော်ပိုင်ဘဝက ပုဂ္ဂလိကပိုင် ဖြစ် သွားရင် ‘ နိုင်ငံတော်မှ ရာနှုန်းပြည့်ပြည့် ပိုင်သော ပုဂ္ဂလိက ကုမ္ပဏီ ’ ဆိုတာတော့ လုပ်လို့ မရနိုင် တာ ရှင်းပါတယ်။ အရင်းအနှီးကိုလည်း ရာနှုန်းပြည့် ပိုင်တယ်၊ အကျိုးအမြတ်ကိုလည်း ရာနှုန်း ပြည့် ပိုင်တယ် ဆိုမှတော့ ပုဂ္ဂလိကက ဘာဝင်လုပ်ရမှာလဲ။

ဟုတ်ကဲ့၊ ဝင်လုပ်လာတာ ရှိရင်လည်း တစ်ခုခုတော့ တစ်ခုခုပဲ။ အမှန်တော့ သစ်ခုတ်၊ သစ် ခွဲ၊ သစ်ရောင်း ကိစ္စတွေမှာ လုပ်ကွက်တွေခွဲပြီး ပုဂ္ဂလိကကို တင်ဒါ ပေးမယ့် သဘောမျိုး ထင်ပါရဲ့။ ဒါဆိုရင်လည်း ဘာဖြစ်လို့ ပုဂ္ဂလိကပိုင် လုပ်နေဦးမှာလဲ။

အတွင်းသတင်းတွေထဲမှာ သတင်းကြီးတစ်ခုက ‘ ထိုင်ခုံနံပါတ်အတိုင်း မထိုင်ကြသူများ ကြောင့် ဘောလုံးပွဲကြည့်ပရိသတ်များ အခက်တွေ့ ’ ဆိုတဲ့ သတင်းပါပဲ။

ဒီနေရာမှာ နံပါတ် ဆိုတာက စပြီး ပြောရတော့မယ်။ အင်္ဂလိပ်လို number ကို မြန်မာမှုပြု တဲ့အခါမှာ နံဗတ် နံဘတ် နံပတ် လို့ရေးရင် ရပါတယ်။ အဲဒါ ဘာကြောင့် ‘ နံပါတ် ’ ဆိုပြီး ‘ ရေး ချ ’ က ပါနေရတာ လဲ။

ဒေါ်စုကတော့ ကျွန်မနဲ့ ဘာဆိုင်လို့လဲလို့ပ ပြောမှာပဲ။ ဟဲဟဲ ...

တိုင်းပြည်ခေါင်းဆောင် ဆိုတာ မြန်မာစာမှာလည်း ဝင်ဝက်ရှုပ်ရတဲ့ ထုံးစံရှိတယ်လေ။ ငါ တတ် ငါ သိပေ့ါ။ ဟိုဟာ ဟိုလို ပြောင်း၊ ဒီဟာ ဒီလို ပြောင်း သိပ်လုပ်ချင်ကြတာမို့လား။ မောင်ထောင်လေးလမ်းက ဗိုလ်ဆွန်ပက် လမ်း ဖြစ်လိုဖြစ်၊ မောင်ခိုင်လမ်းဆို ဘာဖြစ်မှန်းတောင် မသိတော့ပါဘူး။

Singapore ကို စင်ကာပူလို့ ရေးရမယ်တဲ့။ နိုင်ငံခြား အသံထွက်ပဲ။ ‘ စင်ဂါပူ ’ ဆို ရနေပြီပဲ။ အမှန်ကတော့ စင်ဂပူ။ Bangladesh ကို ဘင်္ဂလားဒေ့ရှ်တဲ့။ ‘ ဘင်းဂလားဒေ့ ’ ဆိုလည်း ရတာ ပဲ။ အဲဒါတွေ ထားပြီး နံပါတ် ဆိုတာပဲ ကြည့်ပါ။ နာမပါတ ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာ မ ဟုတ်ဘဲ number ဆိုတဲ့ အင်္ဂလိပ်စာလုံးကို အသံလှယ်ထားတာ ဖြစ်လို့ ‘ နံပတ် ’ လို့ ရေးတော့ ရော ဘာဖြစ်လဲ။

တကယ်တော့ ဒါ အသေးအဖွဲပါ။ ကျွန်တော် တကယ် ပြောချင်တာက ကိုယ့်နေရာ ကိုယ် မထိုင်တဲ့ကိစ္စ။ ကျွန်တော် သိတဲ့ လူကြီးတစ်ယောက်ဆို တောတောင်ထဲမှာ ကျင်လည်ရာကနေ ကုန်သွယ်ရေး ရောက်တယ်။ နောက်တော့ ပြန်ကြားရေး ရောက်တယ်။ ခုတော့ သမဝါယမမှာ။

ကိုယ့်ခုံမှာ ကိုယ် ထိုင်ကြဖို့ဟာ အရေးကြီးပါတယ်။ ဘောပွဲမှာ ခုံလိုက်ရှာတော့ ကိုယ့်ခုံမှာ သူများ ရောက်နေရင် ထခိုင်းပြီး ကိုယ့်နေရာ ကိုယ် ယူရမှာပဲ။ ကိုယ်က ကြုံရာထိုင်တော့ တစ်ဒုက္ခ၊ ကိုယ့်နေရာ လူရောက်လာပြီး သူကလည်း တခြားနေရာ သွားရှာရတော့ နှစ်ဒုက္ခ။ အဲဒီ နေရာရဲ့ ပိုင်ရှင်အစစ်က နောက်နေရာ ရှာရပြန်တော့ သုံးဒုက္ခ။

ကျွန်တော်တို့ လူမျိုးတွေ စည်းကမ်း ပျက်နေခဲ့တာ နှစ် ၅ဝ လောက် ရှိပြီ။ ပြီးခဲ့တဲ့ နှစ် ၃ဝ အတွင်းမှာ အရမ်းဆိုးခဲ့ပါတယ်။ ဒါတွေ ကြုံတော့ ရေးပါဦးမယ်။

**ရန်ကုန်တိုင်းမ်နေ့စဉ်၊ ဒီဇင်ဘာ ၁၀၊ ၂၀၁၃ (အင်္ဂါနေ့)**

***